# "Training of Trainers on Hospital Reception Services"

## သင်တန်းဆင်းပွဲ အခမ်းအနားတွင်

## ညွှန်ကြားရေးမှူးချုပ်

## ပြောကြားမည့် မိန့်ခွန်း

(၂၀- ၁၂-၂၀၁၉)

၁။ ယနေ့ ကျင်းပပြုလုပ်သော "Training of Trainers on Hospital Reception Services” သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ကုသရေးဦးစီးဌာနနဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းသား/ သင်တန်းသူများ ကိုယ်၏ ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

၂။ ယနေ့ပြုလုပ်တဲ့ သင်တန်းဆင်းပွဲဟာ လွန်ခဲ့သော (၃) နှစ်က စတင်ဆောင်ရွက်ခဲ့တဲ့ ခုတင် (၁၀၀) ဆံ့ အထက် ဆေးရုံများမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့သော Hospital Reception Services နှင့် D/C Parade ဆိုတဲ့ လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခြင်းနဲ့ ပြည်သူ့ထံမှ တုန့်ပြန်လာတဲ့အသံများအရ ပြည်သူတွေရဲ့လိုအပ်ချက်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးနိုင်ရန် အခုလို သင်တန်းကို ဆောင်ရွက်ပေးရတာ ဖြစ်ပြီး သင်တန်းပြီးစီးသည်အထိ တက်ရောက်ဆွေးနွေးပေးကြတဲ့ သင်တန်းနည်းပြ

ဆရာများနဲ့ သင်တန်းသားများကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

သင်တန်းကရရှိလိုက်တဲ့ သင်ခန်းစာတွေဟာ ဆေးရုံကို လာရောက်ပြသကြတဲ့ လူနာများအတွက် အထောက်အကူဖြစ်စေသလို ဆေးကုသမှုပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း အဆင်ပြေချောမွေ့စေရန် ပေါင်းကူးဆက်သွယ်ဆောင်ရွက်စေမယ့် နည်းလမ်းတွေ ရရှိသွားမယ်လို့ ယုံကြည်ပါတယ်။ သင်တန်းတက်ရောက်လာတဲ့ ဝန်ထမ်းများမှတဆင့် Hospital Reception Services လုပ်ငန်းနှင့် D/C Parade လို့ခေါ်တဲ့ ဆေးရုံဆင်းမှတ်ချက်ပြု ဆွေးနွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရာမှာ ပိုမိုအဆင်ပြေအောင် ဆောင်ရွက်နိုင်ကြမယ်လို့ မျှော်လင့်ပါတယ်၊

၃။ ယခုအချိန်အခါဟာ မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ ပြန်လည်သုံးသပ်ဆန်းစစ်ရမည့်အချိန်ဖြစ်သလို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးစား

ပေးဆောင်ရွက်နေသော လူနာဘေးကင်းလုံခြုံရေး (Patient Safety) လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နေကြတဲ့ အချိန်အခါလည်းဖြစ်လို့ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများမှလည်း ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသ/ပြည်နယ်ကုသရေးဦးစီးမှူးများရဲ့ ကြီးကြပ်ဆောင်ရွက်မှုနဲ့ ပါဝင်ဆောင်ရွက်သွားရန် မှာကြားလိုပါတယ်။ ဆေးရုံတွေမှာ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရာမှာ အဆင်ပြေစေဖို့ လုပ်ငန်းလမ်းညွှန်စာအုပ်ကိုလည်း ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှာကြားချက်အရ Hospital Reception Guideline Version (1) ကို ၂၀၁၇ ခုနှစ်မှာ ထုတ်ဝေခဲ့ပြီး၊ D/C Parade လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်ပြေပြေဆောင်ရွက်နိုင်ရန် ညွှန်ကြားလွှာတွေ ထုတ်ပေးခဲ့တယ်ဆိုတာ သိပြီးဖြစ်ပါမယ်၊ ယခင်ထုတ်ဝေပေးထားတဲ့ လုပ်ငန်းလမ်းညွှန်တွေ Guideline တွေကို လိုအပ်တာတွေ ပြင်ဆင်ဖြည့်စွက်ပြီး Hospital Reception Guideline Version (2) ထုတ်နိုင်ဖို့ နဲ့ D/C Parade လုပ်ငန်းကိုလည်း ပိုမိုကောင်းမွန်

အောင် ဆောင်ရွက်နိုင်ဖို့ အခုသင်တန်းက သင်ကြားပို့ချပေး ခဲ့တဲ့သင်ခန်းစာများနှင့် သင်ကြားပေးမှုပုံစံများမှာ အကြုံးဝင် အောင်စီစဉ်ထားတာကိုလည်း သိရှိပြီးဖြစ်မယ်လို့ထင်ပါတယ်။

၄။ ပြည်ထောင်စုဝန်ကြီးကလည်း အရေးကြီးသည့်လုပ်ငန်းများ ဖြစ်ပါ၍ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန် ထပ်မံလမ်းညွှန် မှာကြားထားချက်များအရ ယနေ့သင်တန်းမှာ တက်ရောက် ခဲ့ကြတဲ့ သင်တန်းသားများကတဆင့် ပြည်သူ့ဆေးရုံများမှာ အလေးအနက်ထားပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းမှာကြားလိုပါတယ်။ အဓိက အားဖြင့် လူနာတွေကို ကူညီဖြေရှင်း ပေးတဲ့နေရာမှာ မိမိ မိသားစု ဆွေမျိုးများကဲ့သို့ စေတနာထား ဆောင်ရွက်ပေး ခြင်းဖြင့် တာဝန်ထမ်းဆောင်ရင်း ကုသိုလ်ရမယ့်လုပ်ငန်းလည်း ဖြစ်ပါတယ်။

၅။ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတော်မှ ချီးမြှင့်သော လစာစရိတ်များ ခံစားထားသူများ ဖြစ်တဲ့အတွက် လုပ်ငန်းတာဝန်ကို ငွေရေး၊ ကြေးရေးနှင့် လုံးဝရောထွေးမှုမဖြစ်အောင် မိမိ၏ Professional

Ethics ကို ထိန်းသိမ်းကြရမှာ ဖြစ်ကြောင်း အသိပေးချင်ပါတယ်။ သင်ကြားပို့ချပေးလိုက်တဲ့ သင်ခန်းစာတွေ အပါအဝင် လက်တွေ့လေ့လာသင်ယူရတဲ့အတွေ့အကြုံ ဗဟုသုတတွေကိုလည်း လုပ်ငန်းခွင်ရောက်တဲ့အခါ စနစ်တကျအသုံးချပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားပြီး မိမိတို့လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းမှာကြားလိုပါတယ်။

၆။ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ဒီသင်တန်းမှ ရရှိတဲ့သင်ခန်းစာတွေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဆေးရုံအုပ်/ဆေးရုံအုပ်ကြီးများရဲ့ ကြီးကြပ်ကွပ်ကဲမှု၊ သူနာပြုဆရာမကြီးများနှင့် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ကြပြီး Hospital Receptionist ဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးပြီး ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို အဆင့်မီတိုးတက်စေရန် ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းချက်များနဲ့အညီ ကျေကျေပွန်ပွန် ထမ်းဆောင် သွားကြပါလို့ မှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။